# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 1, 2024 | Volume 80, Number 1


၁.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၂၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၀.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၁.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၃၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၉၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြ၍သိရသည်။ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ဘက်သို့ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ကြက်သွန်နီများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဇွန်လပထမပတ်မှ ဇွန်လ ၂၉ ရက်ထိ အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိ ကြက်သွန်နီပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၀၀,၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်မှာ အရင်နှစ်တွေကထက် ဒီနှစ်ကြက်သွန်နီတွေ အထွက်နှုန်း နည်းနေတယ်လို့ သိရပါတယ်။ အထွက်နှုန်းနည်းနေပေမဲ့ ပုံမှန်ဝင်ရောက်နေပါတယ်။ အခြားဒေသတွေကနေ ဧရာဝတီတိုင်းဒေသကြီးဘက်ကို ကြက်သွန်နီတင်ပို့တာလဲ နည်းတယ်။ လက်ရှိကြက်သွန်နီဈေးကလဲ သင့်တင့်တယ်လို့ပြောရမယ်။ လက်ရှိ ပိဿာချိန် တော်တော်များများ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူကပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုလက်ရှိ ကြက်သွန်နီပိဿာချိန် ၁၀၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေခြင်းကြောင့် ကြက်သွန်နီစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူတင်ပို့သည့် လုပ်ငန်းရှင်များ၊

ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလျက်ရှိကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ဆက်လက်ပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မြန်မာ့ထောပတ်သီးများကို ဒေသတွင်းနိုင်ငံများနှင့် ပြည်တွင်းဈေးကွက်ကိုသာ အဓိက ရောင်းချမည်

ယခုနှစ် ထောပတ်သီးရာသီချိန်တွင်ထွက်ရှိသော မြန်မာ့ထောပတ်သီးများကို ပြည်ပသို့တင်ပို့ရန် ကမ်းလှမ်းချက်များပြား နေသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ပြည်တွင်းဈေးကွက်ကိုသာ အဓိကရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

"အီးယူတို့၊ ဒူဘိုင်းတို့ဆိုလည်း မြန်မာ့ထောပတ်သီးကို တင်သွင်းဖို့ ကမ်းလှမ်းချက်တွေ အရမ်းများတယ်။ ဒါပေမဲ့ အရမ်းဝေးတဲ့အတွက် ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ စင်ကာပူနဲ့မလေးရှားနိုင်ငံတွေကိုပဲ တင်ပို့မှာပါ။ နောက်ပြီး ဒီနှစ် ပြည်တွင်းမှာလည်း ထောပတ်သီးဈေးကောင်းတယ်"ဟု မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးမင်းကပြောသည်။


ယခုနှစ် ထောပတ်သီးရာသီစတင်ချိန်တွင် ကြမ်းခင်းဈေး တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀ အထိရရှိပြီး ယခင်နှစ်ကထက် ငွေကျပ် ၁၀၀၀ ပိုမိုရရှိကြောင်း သိရသည်။ "ဒီနှစ် ထောပတ်သီး ကြမ်းခင်းဈေးကောင်းတော့ ရာသီပိတ်ချိန်လည်း တစ်ကီလိုကို ငွေကျပ် ၆၀၀၀၊ ၇၀၀၀ လောက်ရဖို့မှန်းထားတယ်။ လောလောဆယ် ပြည်တွင်းဈေးကွက်က ပိုကောင်းနေတော့ ပြည်တွင်း ဈေးကွက်ကိုလည်း ကြိုးစားပြီးတိုးချဲ့မယ်" ဟု ဦးကျော်စိုးမင်းကပြောသည်။

လက်ရှိတွင် ထိုင်းနိုင်ငံသို့ ထောပတ်သီး တရားဝင်တင်ပို့နိုင်ရန် သက်ဆိုင်ရာမှတစ်ဆင့် ဆွေးနွေးမှုများရှိနေပြီး တရားဝင်တင်ပို့ခွင့်ရရှိပါက တောင်သူများအတွက် အခွင့်အလမ်းကောင်းများပိုမိုရရှိနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၌ ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တို့၌ အများဆုံးစိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ဆက်လက်ဆောင်ရွက်သွားမည့် ခြေလှမ်းများ

တရားမဝင်ကုန်သွယ်မှုသည် လူမှုအသိုက်အဝန်းကို ထိခိုက်စေပြီး စီးပွားရေးနှင့်နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်း၊ တရားဝင်စီးပွားရေးလုပ်ငန်းများကို အားနည်းစေပြီး အကျင့်ပျက် ခြစားမှုကိုအားပေးခြင်း၊ အခွန်ငွေရှောင်တိမ်းမှုကြောင့် အစိုးရက လူ့အဖွဲ့အစည်းအတွက် ပြန်လည်အသုံးချရန် အင်အားမရှိခြင်းတို့ ဖြစ်စေပါသည်။ ထို့ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ချုပ် ဦးဆောင်သော အတွင်းရေးမှူးအဖွဲ့သည် တရားမဝင်ကုန်သွယ်မှု ကြောင့်ဖြစ်ပေါ်လာသော စိန်ခေါ်မှုအချို့ကို ဥပဒေကြောင်းအရ မည်သို့ဖြေရှင်းနိုင်မည်ကို လေ့လာခဲ့ကြသည်။




*Source:* WTO Secretariat data.

မကြာသေးမီကထုတ်ဝေခဲ့သည့် "ဆေးဘက်ဆိုင်ရာကုန်စည်များ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး" စာအုပ်တွင် ညွှန်ကြားရေးမှူးချုပ်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာ၌ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရန်နှင့် အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အားကောင်းစေရန် လိုအပ်သောနည်းပညာအကူအညီများပံ့ပိုးပေးရန် ပိုမိုဆောင်ရွက်သင့် ကြောင်း အလေးပေးပြောကြားခဲ့သည်။

ထို့ကြောင့် အတွင်းရေးမှူးအဖွဲ့က "စားသောက်ကုန်တရားမဝင်ကုန်သွယ်မှုနှင့်လိမ်လည်မှု" စာအုပ်တွင် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)၊ အပြည်ပြည်ဆိုင်ရာမျိုးစေ့အဖွဲ့ချုပ် (ISF)၊ တရားမဝင်ကုန်သွယ်မှုကို တိုက်ဖျက်ရန်

နိုင်ငံဖြတ်ကျော် မဟာမိတ်အဖွဲ့ (TRACIT) နှင့် ကုလသမဂ္ဂဒေသတွင်းပြစ်မှုနှင့် တရားမျှတမှုသုတေသနသိပ္ပံ (United Nations Interregional Crime and Justice Research Institute – UNICRI) တို့နှင့်ပူးပေါင်း၍ စားသောက်ကုန် တရားမဝင်ကုန်သွယ်မှုနှင့် လိမ်လည်မှုဖြေရှင်းနိုင်ရေး ရှုထောင့်ပေါင်းစုံမှ ဆန်းစစ်ရန်နှင့် မဟာဗျူဟာများချမှတ်ရန် ဖော်ပြခဲ့သည်။

လယ်ယာစားနပ်ရိက္ခာကဏ္ဍတွင် တရားမဝင်ကုန်သွယ်မှုနှင့်လိမ်လည်မှုများသည် စားသုံးသူများ၊ လယ်သမားများ၊ စိုက်ပျိုးရေးလုပ်ငန်းများကို ထိန်းကျောင်းသူများနှင့် အခြားစီးပွားရေးလုပ်ငန်းများအထိ ထိခိုက်စေသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် စားသောက်ကုန်လုပ်ငန်းတွင် လိမ်လည်မှုကုန်ကျစရိတ်ကို သတ်မှတ်ရန်ခက်ခဲသော်လည်း နှစ်စဉ်အမေရိကန်ဒေါ်လာ ၃၀ မှ ၅၀ ဘီလီယံအထိဆုံးရှုံးကြောင်းနှင့် အဆိုပါပမာဏတွင် အရက်ယမကာနှင့်ဆက်စပ်သော တရားမဝင် ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ ဆုံးရှုံးမှုများ မပါဝင်ကြောင်း သိရသည်။

တရားမဝင်ကုန်သွယ်မှုကြောင့် လူမှုအဖွဲ့အစည်းနှင့်စီးပွားရေးကို ထိခိုက်စေပြီး စားသောက်ကုန်တရားမဝင်ကုန်သွယ်မှုနှင့် လိမ်လည်မှုတို့ကြောင့် တရားဝင်စီးပွားရေးလုပ်ငန်းများ၏ ရောင်းအားနှင့်စားသုံးသူယုံကြည်မှုဆုံးရှုံးကာ အစိုးရများအတွက်လည်း အခွန်ရှောင်မှုကြောင့် နိုင်ငံ့ဝင်ငွေဆုံးရှုံးခြင်း၊ အတုအပများနှင့်မှောင်ခိုတို့ကို တိုက်ဖျက်ရသဖြင့် စရိတ်များကုန်ကျခြင်းတို့ ဖြစ်ပေါ်စေသည်။

အစားအသောက်နှင့် အဖျော်ယမကာအတုများကြောင့် ပြည်သူ့ကျန်းမာရေးနှင့်ဘေးကင်းရေးကို ထိခိုက်စေခြင်း၊ မသန့်ရှင်းသော စားသောက်ကုန်များကြောင့် သေစေနိုင်သော ကျန်းမာရေးအန္တရာယ်များ ဖြစ်ပေါ်စေနိုင်ခြင်း၊ ထုတ်ကုန်အတုများကြောင့် အစားအစာထောက်ပံ့မှုကွင်းဆက်တွင် စားသုံးသူများ၏ယုံကြည်မှုကို ပျက်ပြားစေခြင်းတို့ ဖြစ်ပေါ်စေသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခြေခံစည်းမျဉ်းများတွင် အဖွဲ့ဝင်များအတွက် အစားအသောက် တရားမဝင်ကုန်သွယ်မှုနှင့် အစားအသောက်လိမ်လည်မှုတို့ကိုတိုက်ဖျက်ရာ၌ ကူညီနိုင်သည့်ဥပဒေများပါရှိသည်။ အထူးသဖြင့် အစားအစာဘေးကင်းရေးအတွက် လူ၊ တိရစ္ဆာန်နှင့် အပင်ကျန်းမာရေးဆိုင်ရာသဘောတူညီချက် (SPS) က စားသောက်ကုန်တင်သွင်းရာတွင် သိပ္ပံနည်းကျနှင့် အန္တရာယ်အကဲဖြတ်နည်းလမ်းများကိုအခြေခံရန်နှင့် ကုန်သွယ်မှုအတွက် နည်းပညာဆိုင်ရာအတားအဆီးများ သဘောတူညီချက် (TBT)က ရောင်းဝယ်ဖောက်ကားသော ကုန်ပစ္စည်းများတွင် လိမ်လည်လှည့်ဖြားသော အလေ့အကျင့်များ ရှိပါက ကိုင်တွယ်ဖြေရှင်းရန် ခွင့်ပြုထားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ထုတ်ဝေခဲ့သော “ဆေးဘက်ဆိုင်ရာကုန်စည်များ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး” စာအုပ်မိတ်ဆက်ပွဲတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ သံတမန်များနှင့် အခြားသူများက နောက်ထပ်ဆောင်ရွက်သင့်သည့် ခြေလှမ်းများကို အကြံပြုခဲ့ကြရာ (၁) ကျန်းမာရေး အဝန်းအဝိုင်းတစ်ခုလုံး လိုက်ပါနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဆွေးနွေးမှုများပြုလုပ်ခြင်း၊ (၂)ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် အစိုးရများ၏ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနည်းလမ်းများကို ထည့်သွင်းသုံးသပ်ခြင်း၊ (၃) ကုန်သွယ်မှုဆိုင်ရာအကူအညီများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများမှတဆင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆွေးနွေးခြင်း၊ (၄) နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် အကောက်ခွန်ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများရှာဖွေခြင်း၊ (၅) e-commerce မှတစ်ဆင့် အစားအသောက်တရားမဝင်ကုန်သွယ်မှုနှင့် အစားအသောက်လိမ်လည်မှုတို့ ကြီးထွားလာခြင်း၏ အကျိုးသက်ရောက်မှုကို လေ့လာခြင်း၊ (၆) TBT /SPS ကော်မတီများတွင် ဆက်လက်ဆွေးနွေးခြင်းတို့ပါဝင်သည်။ အဆိုပါ စေ့စပ်ညှိနှိုင်းမှုများတွင် အစားအသောက်လိမ်လည်မှုအတွက် Codex စံနှုန်းအသစ်ထွက်ပေါ်ရေးမှာ အရေးကြီးဆုံးဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်အားလုံးက သဘောတူလက်ခံရန် လိုအပ်ပါသည်။

**ရင်းမြစ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့**

**WTO ဌာနခွဲ**

**ကုန်သွယ်ရေးဦးစီးဌာန**

https://www.commerce.gov.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၄-၆-၂၀၂၄ မှ ၂၈-၆-၂၀၂၄) ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၃၆၂,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၆၅၇,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၄၉၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၈,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၈,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၇၅,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၃၅ လုံး (တန်ချိန် ၃၄၂၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၅ လုံး (တန်ချိန် ၂၀၄၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရှောက် (သစ်) AC ကျပ် ၅၀၀၀၊ မြားနီ ကျပ် ၄၅၀၀ ၊ပန်းတနော်ရှည် ကျပ် ၄၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၁,၅၀၀ နှင့် မြစ်ဝပု ကျပ် ၁၁,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြစ်ဝပု ကျပ် ၁၀၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ရှောက်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင် အပတ်က ရှောက်ရှည် အိတ်ပေါင်း ၁၉၀၀ (၃၈,၀၀၀ ပိဿာ)နှင့် ရှောက်ပု အိတ်ပေါင်း ၁၀၀ ( ၁,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှောက်ရှည် အိတ်ပေါင်း ၂၃၀၀ (၄၆,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၂၀၀ (၃,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရှောက်ရှည် အိတ်ပေါင်း ၄၀၀ (၈,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၅၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၅၈၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီး သီးဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း မန်ကျည်းအသား(သစ်) ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၄၃၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၅၅၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၅၉၅၀၊ ကြံသကာ ကျပ် ၃၃၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၅၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၄-၆-၂၀၂၄ မှ ၂၈-၆-၂၀၂၄) ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၇၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၁၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၁၅၀၊ မုံရွာလတ်သန့် ကျပ် ၂၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ် အတွင်း မုံရွာသစ်ရှယ် ကျပ် ၁၅၀၊ မုံရွာလတ်ကြီး ကျပ် ၁၅၀၊

မုံရွာလတ်သန့် ကျပ် ၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်နီများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၅ စီး (၆၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၄ စီး (၆၂၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၁ စီး (၆၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ် နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၀,၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၉၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၁၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၉၀၀ (၁၄၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၇၀၀ (၁၄၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၂၀၀ ( ၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ ဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာဈေးနှုန်းများမှာ တရုတ် A1 ကျပ် ၁၉၀၀ ၊ တရုတ် OK ကျပ် ၂၅၅၀ ၊ တရုတ် S1 ကျပ် ၂၅၅၀၊ တရုတ်S2 ကျပ် ၂၃၀၀ ဈေးနှုန်းအသီးသီးခဲ့ဖြစ်သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားအစီးရေ ၄၀ စီး (၂၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၃၅ စီး (၂၁၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၅ စီး (၃၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အချိုဓာတ်ရှိတဲ့ မိုးရာသီနာနတ်သီးရာသီချိန်ဖြစ်လို့ နာနတ်သီးများ အခင်းပြတ်ဝယ်ယူတာတွေရှိနေ




အချိုဓာတ်ရှိတဲ့ မိုးရာသီနာနတ်သီးများထွက်ရှိတဲ့ ရာသီချိန်ဖြစ်လို့ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ သီပေါဒေသထွက် နာနတ်သီးများကို ကုန်သည်များက အခင်းပြတ်ဝယ်ယူမှုများရှိနေပြီး ပြည်တွင်းဈေးကွက်မှာ အဓိက ဖြန့်ဖြူးရောင်းချနေတယ်လို့ နာနတ်သီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများထံမှ သိရပါတယ်။

မေလကုန်ပိုင်းမှစတင်၍ ပျားရည်နာနတ်သီးအမျိုးအစားများ ရာသီချိန် ကုန်ဆုံးသွားပြီဖြစ်ပြီး မိုးရာသီတွင်ထွက်ရှိသည့် နာနတ်သီးရာသီ စတင်ပြီ ဖြစ်ကြောင်းလည်း သိရပါတယ်။

“ပျားရည်နာနတ်သီးထွက်ရှိတဲ့ရာသီက ပြီးခဲ့တဲ့ မေလပိုင်းက ကုန်သွားပြီ၊ အခုကတော့ မိုးရာသီနာနတ်သီး ထွက်ချိန်ဖြစ်ပါတယ်၊ ဒီရာသီချိန်မှာပဲ ကုန်သည်တွေက အခင်းပြတ်ဝယ်ယူကြတာတွေရှိတယ်၊ လာမဲ့ ဇူလိုင်လလောက်ဆိုရင်တော့ နာနတ်သီးလှိုင်လှိုင်ထွက်ချိန်ဖြစ်ပါတယ်။ နာနတ်သီးမှာမှ ဆောင်းရာသီမှာထွက်ရှိတဲ့ နာနတ်သီးက အချဥ်ဓာတ်များပြီး၊ အခုမိုးရာသီမှာထွက်ရှိတဲ့ နာနတ်သီးကတော့ အချိုဓာတ်များလေ့ရှိပါတယ်”လို့ နာနတ်သီးစိုက်ပျိုးထုတ်လုပ်သူ တစ်ဦးကပြောပါတယ်။

နာနတ်သီးဟာ အပင်စိုက်ပြီး ၁၂ လခန့်အကြာတွင် ပန်းပွင့်၍ ၁၅ လ မှ ၁၈ လ အကြာတွင် အသီးခူးဆွတ်နိုင်သည့် အဆင့်သို့ရရှိနိုင်ပြီး တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်တဲ့အသီးအမျိုးအစားဖြစ်သလို လက်ရှိရာသီချိန်မှာတော့ ပြည်တွင်းဈေးကွက်တွင်သာ အဓိကဖြန့်ဖြူးရောင်းချနေရပြီး လက်လီဈေးကွက်အတွင်း နာနတ်သီးအလုံးကောင်းတစ်လုံးကို ငွေကျပ် ၂၀၀၀ ကျော်မှာရှိတယ်လို့လည်း သိရပါတယ်။

ပြည်တွင်းမှာ နာနတ်သီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ သီပေါ၊ လားရှိုး၊ တန့်ယန်းစတဲ့ဒေသတွေမှာ အဓိက စိုက်ပျိုးလျက်ရှိပြီး တစ်နှစ်ပတ်လုံးအသီးထွက်ရှိရန် အမျိုးအစားမတူသည့် ပျိုးပင်များကို အသုံးပြုစိုက်ပျိုးရခြင်း၊ စိုက်ပျိုးချိန် ပုံမှန်ခြား၍ ဇူလိုင်လမှဒီဇင်ဘာလအထိစိုက်ပျိုးခြင်း၊ ပန်းပွင့်ရန်အသုံးပြုသည့် ဓာတုဗေဒဆေးများအသုံးပြုခြင်းစသည့် နည်းလမ်းများဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရပါတယ်။

**Myanmar Future News မှ ကူးယူဖော်ပြအပ်ပါသည်။**

https://t.me/htwettoe

## အိန္ဒိယဗဟိုအစိုးရက ပဲမျိုးစုံထုတ်လုပ်မှုမြှင့်တင်ရန်အတွက် အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်း(MSP)ဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်းနှင့် သွင်းကုန်လျှော့ချသွားမည်ဖြစ်ကြောင်း ကတိပြု

ပဲမျိုးစုံပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ရန်နှင့်တင်သွင်းမှု လျှော့ချရန်အတွက် အိန္ဒိယဗဟိုအစိုးရသည် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့ကို အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း(MSP)ဖြင့် ဝယ်ယူသွားမည်ဟု စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က သောကြာနေ့တွင် ကတိပြုပြောကြားခဲ့ကြောင်းနှင့် အဆိုပါလုပ်ဆောင်ချက်သည် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုကို အားပေးရန်နှင့် ၂၀၂၇ ခုနှစ်တွင် ပြည်တွင်းပဲထုတ်လုပ်မှုဖူလုံမှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်စိုက်ပျိုးရေးဝန်ကြီးများနှင့် Virtual တွေ့ဆုံပွဲတွင် Chouhan က တောင်သူများမှတ်ပုံတင်ခြင်းအတွက် e-Samridhi portal ကို စတင်မိတ်ဆက်ထားပြီးဖြစ်ကြောင်းနှင့် အစိုးရ၏ဝယ်ယူရေးအစီအစဉ်များတွင် ထိထိရောက်ရောက် အသုံးပြုနိုင်ရေးအတွက် တောင်သူများအနေဖြင့် ယင်း Portal တွင် မှတ်ပုံတင်ထားရှိရေး ပြည်နယ်အစိုးရများက တွန်းအားပေး ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင်ဝန်ကြီးက ၂၀၁၅-၁၆ ခုနှစ်မှစ၍ ပဲမျိုးစုံထုတ်လုပ်မှုသည် ၅၀ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည့်အတွက် ပြည်နယ်များကို ချီးကျူးခဲ့ကြောင်း၊ သို့ရာတွင် တစ်ဟက်တာအထွက်နှုန်းမြှင့်တင်ရေးအတွက် ထပ်မံကြိုးပမ်းရန် တောင်းဆိုခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိန္ဒိယသည် ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း ပဲတီစိမ်းနှင့်ကုလားပဲ ဖူလုံမှုရှိခဲ့သည့်အတွက် ၎င်း၏ပဲမျိုးစုံတင်သွင်းမှုကို ၃၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးမှုမြှင့်တင်ရေးအတွက် ကြေညာထားသည့် အဓိကလုပ်ဆောင်ချက်များမှာ လက်ရှိမိုးရာသီတွင်စတင်မည့် New Model Pulses Village အစီအစဉ်၊ စပါးရိတ်သိမ်း ပြီးနောက် မြေလွတ်မြေလပ်များကို ပဲစိုက်ပျိုးရာတွင်အသုံးပြုရေး၊ ပဲစင်းငုံသီးညှပ်စိုက်ပျိုးမှုကို အားတက်သရောမြှင့်တင်ရေး၊ အရည်အသွေးကောင်းမွန်သော မျိုးစေ့များရရှိနိုင်ရန်အတွက် ပဲမျိုးစေ့စင်တာ ၁၅၀ ခု တည်ထောင်ရေးနှင့် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိပြီး ကာလတိုသီးနှံများ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ကြောင်း Chouhan မှ ပြောကြားခဲ့သည်။

ထို့အတူ Chouhan က ပြည်ပတင်ပို့နိုင်မည့်သီးနှံများ တိုးမြှင့်စိုက်ပျိုးနိုင်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း အလေးထားပြောကြားခဲ့ပြီး ပြည်နယ်များကို ၎င်းတို့၏ မျိုးစေ့ဖြန့်ဖြူးမှုစနစ်နှင့် အစိုးရမျိုးစေ့ကော်ပိုရေးရှင်းများ အားကောင်းစေရန် တိုက်တွန်းပြောကြားခဲ့သည်။

ယင်းအစည်းအဝေးသို့ Madhya Pradesh၊ Maharashtra၊ Rajasthan နှင့် Uttar Pradesh အပါအဝင် အဓိကပဲစိုက်ပျိုးထုတ်လုပ်သော ပြည်နယ်များမှ စိုက်ပျိုးရေးဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အသေးစိတ်အစည်းအဝေးတစ်ရပ်ပြုလုပ်ရန် ဒေလီမြို့သို့ ပြည်နယ်စိုက်ပျိုးရေး ဝန်ကြီးများကို ဖိတ်ကြားခဲ့သည်။

**Source: Center committed to procure pulses at MSP to boost production, cut imports: Agriculture Minister Shivraj Singh Chouhan, The Economic Times, 21 June 2024.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/

## ထိုင်းနိုင်ငံ၏ မေလတင်ပို့မှုပမာဏ ၇ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်

ထိုင်းနိုင်ငံ၏ မေလတွင် ပြည်ပသို့တင်ပို့မှုပမာဏမှာ လွန်ခဲ့သည့်နှစ် မေလကထက် ၇ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး ၁၄ လအတွင်း အမြင့်ဆုံးဖြစ်ကာ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ တင်ပို့နိုင်မှုက ယခုလိုမြင့်တက်လာရသည့် အဓိက အကြောင်းအရင်းဖြစ်စေကြောင်းသိရသည်။ ထိုင်းနိုင်ငံကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံး၏ ညွှန်ကြားရေးမှူးချုပ် Poonpang Naiyanapakorn က မေလတွင် ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၂ ဘီလီယံ ရှိကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာကုန်ထုတ်လုပ်မှုကဏ္ဍမှာလည်း ပြန်လည်နာလန်ထူလာကြောင်း ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ၏ ရွှေ၊ ရေနံနှင့်ဆက်စပ်ပစ္စည်း၊ စစ်လက်နက်မျိုးစုံ စသည်တို့ရောင်းချရမှုမှာ ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ထိုင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ်ပထမ(၅)လတွင် ပြည်ပသို့တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၂၀ ဘီလီယံရှိပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၂ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာကာ တင်သွင်းမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂၆ ဘီလီယံဖြင့် ၃ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ကုန်သွယ်ရေးလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၆ ဘီလီယံပြနေကြောင်း သိရသည်။ ထိုင်းနိုင်ငံ၏ မေလအတွင်း စိုက်ပျိုးမွေးမြူရေးထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ လွန်ခဲ့သည့်နှစ် တူညီသည့်ကာလကထက် ၁၉ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ (လတ်ဆတ်သော၊ အအေးခံထားသော၊ အေးခဲထားသော၊ အခြောက်ခံထားသော) သစ်သီးများတင်ပို့မှုမှာ ၁၂၈ ရာခိုင်နှုန်း၊ တိရစ္ဆာန်အဆီနှင့်ဟင်းသီးဟင်းရွက်ဆီတင်ပို့မှုမှာ ၉၅ ဒသမ ၇ ရာခိုင်နှုန်း၊ ရော်ဘာတင်ပို့မှုမှာ ၄၆ ဒသမ ၆ ရာခိုင်နှုန်း၊ တိရစ္ဆာန်အစာတင်ပို့မှုမှာ ၃၉ ဒသမ ၂ ရာခိုင်နှုန်း၊ နို့နှင့်နို့ထွက်ပစ္စည်းတင်ပို့မှုမှာ ၁၆ ဒသမ ၇ ရာခိုင်နှုန်း၊ ပြုပြင်ထားသောကြက်သားတင်ပို့မှုမှာ ၁၀ ဒသမ၂ ရာခိုင်နှုန်း၊ စည်သွပ်သစ်သီးဘူးများတင်ပို့မှုမှာ ၈ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဆေးအချဉ်ရည်တင်ပို့မှုမှာ ၆ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာကြောင်း သိရသည်။ သို့သော် သကြားတင်ပို့မှုမှာ ၄၆ ဒသမ ၁ ရာခိုင်နှုန်း၊ ပီလောပီနံထုတ်ကုန်များတင်ပို့မှုမှာ ၁၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဆန်တင်ပို့မှုမှာ ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် ပင်လယ်စာစည်သွပ်ဘူးများတင်ပို့မှုမှာ ဝ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

**Source: DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (1.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,877 (Shares) | 10,514,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -100 | -1.10% | 9,000 | 9,000 | 9,000 | 332 | 2,988,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,300 | 3,350 | 3,300 | 567 | 1,885,150 | 38,929,150 | 130,413 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 129 | 225,750 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 1,900 | -50 | -2.56% | 1,900 | 1,950 | 1,850 | 582 | 1,108,250 | 19,977,223 | 37,957 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 3,400 | +50 | +1.49% | 3,400 | 3,400 | 3,400 | 1,267 | 4,307,800 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 1st Jul. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.09 | -1.66 | -0.40% | 409.06 | 410.62 | 408.53 | 2,877 | 10,514,950 | 8 | 773,510 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 1st Jul. 2024

| Trading Volume | Trading Value |
|---|---|
| 2,877 (Shares) | 10,514,950 (MMK) |

## Main Board

As of 1:00 pm, 1st Jul. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,877 (Shares) | 10,514,950 (MMK) |

| MYANPIX | 410.09 ▼ 1.66 |
|---|---|
| Total Volume (shares) | 2,877 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 773,510 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 100 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,900 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 50 |